
သံစုံတီးတဲ့ ဝဲဩဃ
ဂျင်မီ

# အမှာစာ

သို့ ....

စာဖတ်ပရိသတ်များ ခင်ဗျား

ကျွန်တော် ရဲ့ သံစုံတီးတဲ့ဝဲသြဲဃ စာအုပ်ဟာအကျဉ်းထောင်ထဲမှာ ရှိစဉ် ၂၀၁၃ ခုနှစ် ကရေး သား ခဲ့တာ ဖြစ်ပါတယ်။ အဲဒီ အချိန်တုန်းက ကျွန်တော် ထောင်သက် ၁၄ နှစ်ထဲရောက်ပါပြီ။ ကျွန်တော် စိတ်ကူးထားသမျှကို အခွင့်ကြုံတဲ့အချိန်မှာ အနုပညာနဲ့ ရောနှောခုန်ချပစ်ကြည့်တာပါ။ အချက်အ လက်မှန်တချို့ နဲ့ ကျွန်တော် ရဲ့ စိတ်ကူးတွေ ရောနှောပြီး ရေး ဖွဲ့ထားတာပါ။ ဒီလိုနဲ့ ကျွန်တော် ၂၀၀၅ ခု နှစ် မှ ပထမအကြိမ်လွတ်မြောက်လာတုန်းက ဂျပန်နိုင်ငံက ကျွန်တော် ရဲ့ မိတ်ဆွေ ကိုရဲငြိမ်း (အလင်း အိမ်စာပေ) ဆီကို ပို့ပေးခဲ့ပါတယ်။ ကျွန်တော် ဒုတိယအကြိမ် ထိန်းသိမ်းခံရချိန်အတွင်း ၂၀၁၀၊ ဧပြီလ၊ ၁၂ ရက်မှာ ကျွန်တော့် သမီးလေး ၃ နှစ်ပြည့်မွေးနေ့အ ဖြစ် ဒီစာအုပ်ကို ဝဲသြဲဃမှာ တေးသံပြိုင်လို့ မည် နဲ့ ဂျပန်နိုင်ငံမှာ အလင်းအိမ်စာပေက ပေးခဲ့ပါတယ်။ အခုတော့ ဒီစာအုပ်ကို ပြန်လည်မွမ်းမံပြီး မူ ရင်းအတိုင်း သံစုံတီးတဲ့ဝဲသြဲဃ အမည် နဲ့ ပြန်လည်ထုတ်ဝေလိုက်ပါတယ်။

လေးစားစွာ ဖြင့်

ဂျင်မီ

ဗဟိုချက်နံ့ပါတ် ၁ ဒသမ ၂

နှင်းပွင့်တွေ က သမာဓိတံဆိပ်နဲ့ ဘောက်ချာဖွင့်တယ်

' ဟောဒါဆောင်းအစစ် ' တဲ့

ရယ်ချင်သလိုလိုပဲ

သော ကမဟုတ်ပေမယ့် အလွမ်းတတွယ်တက်

သီချင်းတစ်ပုဒ်ဆိုရင်း လသာမိတယ်

' သစ္စာဂီတကျမ်း ' လို့ ခေါ်ချင်ခေါ်တော့

အမျိုး သားနေ့မှာ သီဆိုခဲ့ပါရဲ့

အမျိုး သားလူသားတို့ အလံကိုကိုင်လို့သီဆိုပါရဲ့

မဒမ်လှ၊ မဒမ်...၊ မဒမ်...၊ မဒမ်...

သူတို့လို မဒမ် အံ့သွားထိကပ်ပုံထူးခြားလွန်းလို့

ဝန်ချီစက်ကိုတောင် ချီပိုးနိုင်ကြတယ်

အပြင်းဆုံးခွာသံကို ယစ်မူးလေလွင့်တာမျိုး မရှိ

တာအထွက် စောင်းသံကိုမြှင့်ပြီးမခတ်

သံစဉ်တွေ လည်း ညှိုး ချုံး ဖွယ်ရာမမြင်

ပါရမီဖြည့် လက်ရုန်းတွေ ဆန့်ရင်း

အာဂမြောက်တဲ့ ခုခံစစ်ကိုနွှဲကြတယ်

' စွန့်လွှတ်ခြင်းမှာ အရှုံးအမြတ်မရှိ

မြင့်မြတ်သော ကိုယ်ကျင့်တရားသာရှိတယ် '

ဤခရီး နီးသလားသိချင်းကိုလည်း

သူတို့မပီမသ ညည်းဆိုနိုင်တယ်...သို့ပေမယ့်လေ

သူရဲကောင်းသံစဉ်နဲ့ ကွေ့ကောက်တေးသွားတွေ ကိုတော့

သူတို့စောင်းကြိုး တွေ ကမအော်

ကြီးမြတ်တဲ့မေတ္တာစစ်မှာ သာ ဖြောင့်ဖြောင့်သီဆိုကြတယ်

စောင်းကိုလည်း နှလုံးအိမ်ဖြင့် မခတ်

ပညာဉာဏ်နဲ့သာခတ်ကြတယ်

မှော် ... ပဥ္စလက်တို့နဲ့မညို့

မေတ္တာရဲ့ ဖြောင့်တန်းခြင်းနဲ့ ညို့ ကြတယ်

ဒဏ်ရာရ ကျီးနတ်တစ်ကောင်ရဲ့ ညည်းညသံမှာ

သူတို့ဆောင်းက နောက်ခံတေးသွားမတီး

ဒေါင်းယောင်ဆောင်မိသူကို သံဝေဂတေးဖွဲ့ကြတယ်

ဒါတွေ ဟာ... ရှေးပဝေသဏီကသစ္စာ

ဒေါသမဲ့ သော ကခွန်အားတွေ သာ

မတရားမှု ကို မတရားမှု ဖြင့် မအောင်နိုင်

အောင်ပါလျှင်လည်း ခဏပဲ ဖြစ်ပေါ့

ကမ္ဘာကြီးတောင် ပိုးစားချကိုက် မြေစာခဲပမာ ဖြစ်ပေါ့

မိုးကောင်းကင်ပြိုနိုင်တယ်၊ မြေကြီးငိုနိုင်တယ်

တည်တည်ခန့်ခန့် မင်းမူသူကတော သစ္စာတရားသာမှန်တော့တယ်

‘ သူတို့သစ္စာကို အလေးပြု’

သူတို့ဆိုတဲ့ ပါရမီဖြည့်ဘက်တွေ

ယုံကြည်ချက်ကို ယုံကြည်မှု နဲ့ထောက်ပံ့ကြတယ်

မဒမ်လုခေါ် အမေမာကို စံပြုလို့သီဆိုပါရဲ့

အမျိုး သား လူသားတို့ တာဝန်ကြီးပါပေါ့

ဝံပုလွေအုပ်ကို ကြက်ခြံမစောင့်စေသကဲ့သို့

ငိုက်မြည်း ခြင်းဝါသနာကြီးသူကို တံခါးမှူး ခန့်မှာ မဟုတ်

ဇာတ်တူသားစားတာကို ဖြုတ်သိမ်းကြစို့

သစ္စာရှင်တွေ ရဲ့ သစ္စာကိုကော်ရော်ရင်း

မိမိကိုယ်မိမိ နှင်တံနဲ့တို့ပါရဲ့

အထက်ဆီမှာ မိုးအုံ့တာသိလျှက်

ဒီ တောင်ကျချောင်းကိုဖြတ်ပါတော့မယ်

ဖြတ်ကူးသူများ စွာ လိုပဲဖြတ်ပါ့မယ်

မေတ္တာကြီးသူတို့ မေတ္တာကိုရိုးကျိုး ပြီ

မိမိကိုယ်မိမိ စမ်းတွင် းတူးပါနဲ့

အောက်ဘက်ဆီ ဒီရေကျတာသိလျှက်

လှေကိုလည်း ထင်တိုင်းမလွှတ်ပါ

တက်ကိုင်သူများ စွာ လိုပဲ တက်ကိုင်ပြီးလွှတ်ပါ့မယ်

မဒမ်လုရဲ့ နောက်ဆုံးခြေရာမှာ အတွင် းအားရှိသလို

မဒမ်ရဲ့ လက်ထဲမှာ သပြေခက်ရှိတယ်

မဒမ်ရဲ့ မျက်လုံးမှာ မျှော်လင့်ချက်ရဲရင့်လို့

မဒမ်ရဲ့ ခွေးစက်မှာ လောကခံပြာမှု နှိရှိတယ်

မဒမ်ရဲ့ ဦးတည်ချက်မှာ တော့ နားလည်မှု တွေ ကေသာဖွံ့တယ်

မဒမ်...မဒမ်... စတဲ့ မဒမ်များ ရဲ့

ဖြောင့်တန်းတဲ့နရီ၊ ညီညာတဲ့စီးဆင်းမှု မှာ

သစ္စာစောင်းသံတွေ

ထစ်ထစ်ချွန်းချွန်း ဩဘာပေးရဲ့

တော် လဲသံထောပနာပြုရဲ့

ဒီလိုနဲ့... အစစ်အမှန်လွက်မြောက်ကြကုန်ရဲ့ ။

(၂)

'နှသစ်' လေယာဉ်ပေါ်က ငုံ့ကြည့်လိုက်ပါ

အုတ်ထရံပတ်လည်ဝိုင်းတဲ့ ကျွန်းတစ်ကျွန်းမှာ

ကျွန်တော် တို့နေထိုင်ကြတာ

အလယ်ခေတ်မှာ ပွင့်ခဲ့ဖူးခဲ့ အရိုင်းပန်းတွေ

အဆုတ် ရောဂါ သည်အတွက် မွှေးတဲ့ဆေးပန်းလေ

အဆုတ် ရောဂါ ကို စုတ်ယူရင်းသာ

ပန်းရိုင်းတွေ အညှိုး ခံခဲ့တယ်

ကဲ... စန္ဒယားကို အသံမြှင့်ကာ စတီးမယ်။

(၃)

သပိတ်တွေ မှောက်တယ်...ကြွေးကြော်တယ်

ဆန္ဒပြတယ်... အာခံတယ်

အဖမ်းခံပြီးတိုက်ပွဲဝင်တယ်

ဘာတိုက်ပွဲလဲ... လွတ်လပ်ခွင့်တိုက်ပွဲတွေ

ခေတ်အဆက်ဆက်... ကမ္ဘာအဆက်ဆက်... အဆက်ဆက်

ကျွန်တော် တို့ပြီးတော့ရော... အဆက်ဆက်ပါပဲ

လူ့အတွေ့တွေ 'ငါ' စွဲပျောက်တဲ့အထိပေါ့

အခက်ဆုံး ကတော့ 'နသစ်' ရယ်

ကိုယ့်ကိုယ်ကို ပြန်တိုက်ရတဲ့အခါမျိုး ပဲ။

(၄)

သူ ကတော့ သူ့ကိုယ်သူ အတိုင်းအတာတစ်ခုထိ အနိုင်ရထားပုံပဲ

အပြင်ပန်းကြည့်ရုံနဲ့တော့ ကျွန်တော် စိတ်ပျက်တယ်

မျက်လုံးတွေ ရဲ့ အဓိပ္ပာယ်ကို ဖမ်းမိလို့သာပေါ့

'ယုသီတာ' က မိတ်ဆက်ပေးတယ်

သူ့နာမည် 'ဝေဝေထွန်း'တဲ့

'လွတ်လပ်မှု ' ကို ဘဝနဲ့ ရင်းပြီး ယုံကြည်တယ်တဲ့

'ဝေ့ ကိုစိတ်ချပါ' လို့ သူဆိုတဲ့အသံက

အက်ကွဲကွဲဆည်းလည်းလို မချို့ တချို့ ... ဒါပေမယ့်

အထစ်အငေါ့မရှိ တည်ကြည်ပါနဲ့

ယုသီတာကို ကျွန်တော် ပြုံး ကြည့်မှာ အာမခံအပြုံး နဲ့

ယုသီတာကတုံ့ပြန်လို့... ဒါဆိုစိတ်ချရပြီ

'ဝေဝေထွန်းကို သတိတော့ပေးပါရစေ... နာဇီတွေ ဆိုတာ'

အရေခွံမဖက်ဘဲ မစားတတ်ဘူး... ငှက်ပျောသီးတစ်လုံးရဲ့

ငိုသံကိုတေးဖွဲ့ကတတ်တယ်...

သူတို့ရဲ့ မင်္ဂလာစကားမှာ သွေးစိမ်းတွေ သာဖွဲ့စည်းထားတယ်

ကဲ... ခင်ဗျားဘယ်လိုလဲ' လို့ ကျွန်တော် မေးတယ်

သူက ခပ်ငြိမ်ငြိမ်ပြုံး လို့ 'ကျွန်မ အသိဆုံးပါ'တဲ့။

(၅)

" ဝေထွန်းရေ ဝေထွန်း... အဒေါ်သွားတွေ ပါသိမ်းခဲ့နော်... ဒီမှာ မင်းအစ်မ မအားရှာလို့"

" ဟုတ်ကဲ့...ဟုတ်ကဲ့"

ဝေထွန်းရဲ့ အဘိဓာန်မှာ အငြင်းတွေ မရှိတတ်ဘူး။ ကိုယ့်ထမင်းကိုယ်စားကြီးတော် သွားမကျောင်း ဘူးဆို တဲ့အထဲ ဝေထွန်းမပါဘူး။

အသက်က ၁၈ နှစ် ကျော်ပါ။ သိမ့်မွေ့တဲ့ယောကျ်ားချော။ မိဘမဲ့လို့တော့ပြောရမယ်။ အဖွား လေးနဲ့နေရတယ်။ စာရင်းငှားလုပ်တယ်။ ရွာရဲ့ ဝေယျာဝေစ္စလုပ်တယ်၊ ကုသိုလ်ရတာ အကုန်ယူတယ်။ မြစ်ချောင်းတွေ ပေါ်တဲ့ စပါးကျီဒေသက ရွာတစ်ရွာမှာ ...

ရွာကိုချစ်တဲ့ ဝေထွန်းကို ရွာကချစ်တယ်။

ရွာကိုငဲ့တဲ့ ဝေထွန်းကို ရွာကငဲ့တယ်။

မိဘမဲ့ပေမယ့် ရွာရဲ့ သားရင်း တစ်ယောက် ဖြစ်ခဲ့တယ်။ ဆရာတော် အမိန့်အရ မနှစ် ကပဲရှင်ပြုပြီး ပြီ။ အသက်ကြီးမှပေါ့။ 'ညိုခင်' ရဲ့ သဘောတူချက်မရ မနှစ် ကပဲရှင်ပြု ပြီးပြီ။ 'ညိုခင်' ရဲ့ သဘောတူ ချက်အရ အသက် ၂၀ မှာ အိမ်ထောင်ပြုကြမယ်။ ငယ်ပေါင်းကြီးချစ် ညိုခင်လေးပေါ့။ သရုပ်မှန်အောင် မကြိုး စားတော့ဘူး။

(၆)

တဝုန်းဝုန်းလှုပ်ခါနေတဲ့ ရထားရဲ့ ဒရောသော ပါးပြေးလွှားဟန်ပေါ့။ ချို င့်ခွက်တွေ ရှောင်မောင်း နေသလားမှတ်တယ်။ ရုပ်ဖျက်ဖို့အတွက် စဉ်းစားရင်နေကာမျက်မှန်တပ်ကြတယ်။ ကျွန်တော် လည်း ပါတာပေါ့။

၁၉၈၈ ဇူလိုင်လကုန်ပိုင်းလို့ထင်တယ်။ တောင်ကြီးကနေ သာစည်ကိုဆင်း။ သာစည်ကနေ ရထားတက်စီးတယ်။ လက်မှတ်မဝယ်ပဲ အထက်တန်းတွဲ မှာ နေရာရတယ်။ အထာသိသူတွေ အဖို့ လွယ်တယ်လေ။ တွဲ စောင့်ကိုသာ ကျပ်ငွေ ၁၅၀ ပေးလိုက် ။ သူကြည့်လုပ်လိမ့်မယ်။ ကျွန်တော် သိပ်ပင် ပန်းနေပြီ။ ကျွန်တော့် တင်ပါးအောက်မှာ သွေးစုနာတစ်လုံး (အတော် ယောင်နေပြီ) ကိုခုထိုင်ထားရတဲ့ ခရီးဝေးသမားလေးပါ။ စိတ်ဓာတ်တက်ကြွလွန်းလို့သာပေါ့။

" ကျွန်တော့် ကို ပြတင်းပေါက်နားက ခုံပေးပါဗျာ"

လို့ပြောတော့

" စိတ်ချ ညီလေး... ဟောဟိုနားက ခုံနံပါတ် ၁၀ မှာ သာထိုင်လိုက်ပေတော့" လို့ တွဲ စောင့်ကြီး ကဆိုတယ်။ သာစည်ကိုရောက်အောင် ကားပေါ်မှာ ထိုင်လိုက်၊ တွဲ စီးလိုက်နဲ့ စီးခဲ့ရာက ဆိုဖာခုံကြီးအ ပေါ်မှာ တစ်ကိုယ်လုံးလျှော့ချထိုင်ချပစ်လိုက်တာ 'ရန်ကုန်ရောက်ရင် ငါ့သွေးစုနာကို ဖောက်ပြီ' လို့ အ တွေး နဲ့အတော် လေးသက်သာလာတယ်။

အမြန်ရထားက တဝုန်းဝုန်းလှုပ်ခါလို့ နစ် များ စွာ ရုန်းကန်ထွက်ပြေးနေရပေါ့။ ပြုတ်ထွက်ပြိုကွဲ သွားမလား အတွေ းတွေ မယောင်မလည်ရောက်လာသေးတယ်။ နေကာမျက်မှန်အစွမ်းလား၊ မိုးရိပ်မြင် နေတာကြောင့် လား၊ တရိပ်ရိပ်နဲ့ ရထားဘေးကရှုခင်းတွေ တရွေ့ရွေ့အေးဆေးလွန်းလှတယ်။

အင်း... ဘယ်လိုပဲ ဖြစ် ဖြစ် ၈ လေးလုံး ဖြစ်မှာ ပါ။

(၇)

“ ဟိတ် ဟိတ်... ကိုကျော်”

“ ဟေ့... ကိုကျော်”

ကျွန်တော် မေးစက်ရာက သတိအဝင် နာမည် ခေါ်သံကြားရတယ်။ ကိုယ့်အကြောင်းနဲ့ ကိုယ်မို့ ခေါင်းကြောကြီး တင်းခနဲ ဖြစ်လို့ ခေါ်သံနောက်ကို ကြည့်လိုက်မိတော့ မျက်မှန်ကိုဖောက်ပြီ ဝေ့ဝါးဝါး..။

“ ဘုရား ဘုရား ... နသစ်”

ကျွန်တော် ကိုက ပတ်ဝန်းကျင်ကို အကဲမခတ်ခဲ့တာ။

“ ကိုကျော်... ဘယ်လို ဖြစ်လာတာလဲ.. တူလွန်းလို့ သေချာကြည့်နေတာ... ပင်ပန်းနေလား”

` နသစ်ရဲ့ စကားက လေသံကိုချွေတာထားရဲ့၊ ကျွန်တော် တစ်ခုခုခက်ခဲလာပုံ သူသိနေတာပေါ့။ သူ့ဘေးမှာ သူ့အစ်မကြီး ကျွန်တော့် ကို ပြုံး ကြည့်တယ်။ မလုံမလဲနဲ့ မြေအောက်ကျောင်းသားပို့ ကျွန် တော် အကြောက်တရားကို အ ဖြစ်မှန်တစ်ခုနဲ့ကာကွယ်ရတော့တယ်။

‘ဟုတ်...ဟုတ်တယ်...သွေးစုနာပေါက်နေလို့’

ညီအစ်မနှစ် ယောက် အားရအောင်ပြုံး တယ်။ ရယ်ချင်စိတ်တွေ သူတို့

ရင်ခေါင်းထဲ ပတ်ပြေးနေပုံ ပဲ။

တကယ်တော့ ကျွန်တော့် ကိစ္စကို နုသစ်သိတယ်။ ကျွန်တော် နဲ့ ၉ တန်း၊ ၁၀ တန်းမှာ ကျူရှင် အတူ။ အ.ထ.က ၂ ကမာရွတ်က ကျွန်တော့် ကျောင်း၊ နုသစ် T.T.C။ တက္ကသိုလ်ရောက်တော့ ကျွန် တော် က ရူပဗေဒ၊ နုသစ်က သင်္ချာ၊ အခုဆို နှစ် ယောက် လုံး တတိယနှစ် ။ ပင်မတက္ကသိုလ်မှာ တက် ကြတယ်။ အထက်က ကျွန်တော် တို့အကြောင်းတွေ နုသစ်က သူ့အစ်မကြီးကို ပြောပြနေတာ။ နောက် ဆုံးစကားလုံးတွေ မပီသတော့။

“ သူက ...နေတာ” ဆိုလားပဲ။

အစ်မကြီးက ပိုလို့တောင်ဖော်ရွေသွားတယ်။

“ မွန္တလေးက ပြန်လာတာ... စားစရာတွေ ရယ်ဒီပါတယ်... အစ်မတို့သုံးယောက် စာ ပိုတောင်ပို ဦးမယ်တဲ့” တဲ့။

“ သူက အားနာတတ်ဘူး မမ”

နုသစ်ရဲ့ စကားကြောင့် ကျွန်တော် သွားဖြဲရုံ ရယ်ပြလိုက်တယ်။

“ ကျေးဇူးလို့မပြောတော့ဘူး”

(၈)

အစည်းအဝေးခေါ်ကြတယ်။

လူတွေ ကြမ်းပြင်ပေါ်မှာ ဝိုင်းပတ်ထိုင်လို့ အလေးအနက်မျက်နှာတွေ ဟန်ချီထားကြတယ်။ ကျွန် တော် ဝေ့ကြည့်လိုက်တော့ ကျွန်တော့်ပုံမျိုး တွေ ပါပဲ။ ဒါမှမဟုတ် ကျွန်တော် က သူတို့ပုံမျိုး ။

ခေတ်ပေါ်ရုပ် အကျီ၊ ဂျင်းဘောင်းဘီ၊ နေကာမျက်မှန်တွေ ဆင်ယင်ထားလို့ ဆံပင်တိုတို၊ဒေါက် တွေ ချွန်ချွန်၊ ပန့်ခ်ခေတ်ရဲ့ လူငယ်တွေ ။

သူတို့လေးတွေ က ဆိုရှယ်လစ်အစိုးရကို မီးစရှို့မယ်တဲ့၊ တကယ်ပဲ

ထပ်ဖြည့်ဦးမယ်။ သူတို့လေး တွေ ဟာ မင်းကြီးတာထွက် မူးယစ်ယမကာစုံကို အနည်းဆုံးအပျော်သဘော စမ်းခဲ့ဖူးတယ်။ ဆိုရှယ် လစ်ပါတီရဲ့ 'နိုင်ငံရေး သိပ္ပံ ဘာသာရပ်ကို အောင်မှတ်ရရုံကျက်ခဲ့ဖူးတယ်။ သူတို့လေးတွေ ကို ဆိုရှယ် လစ်အစိုးရ အာဏာသိမ်းပြီးမှ မွေးဖွားခဲ့တယ်။ (ကျွန်တော့် ကို ၁၉၆၉ မှာ မွေးတယ်။) ရယ်စရာတော့ကောင်းသားရယ်။

မြန်မာမှု ကို မြတ်နိုးသူတို့

တိုက်ပုံနဲ့ယောဝတ်ကြတယ်။ ဒါပေမယ့်...

ဆိုရှယ်လစ်သားကောင်း (သို့ ) သားကောင် ဖြစ်မှာ

အားလုံးကြောက်ကြတယ်။

ဆိုရှယ်လစ်လူငယ် (လမ်းစဉ် လူငယ်) တွေ သာ

အဲဒီ ခေတ်တိုက်ပုံရှင်တွေ ဖြစ်တော့တယ်။

ဘုပြော၊ ဂလန့်တိုက်

မူးယစ်ပေါက်ကွဲတဲ့

ကျောင်းသားဆိုးတွေ များ ပြီးရင်းများ လာတယ်၏

တက္ကသိုလ်ပြေဟာ သူပုန်နယ်မြေ ဖြစ်ခဲ့ပြီ

အစည်းအဝေးတွေ ဆက်ကြပြီ

ပြောစရာသိပ်မရှိဘဲ သတ္တိတွေ သာ စကားပြောကြပြီ။

' ကဲ...တို့တွေ ချလိုက်ကြစို့ '

'' ၈ ရက်၊ ၈ လ၊ ၈၈ ခုနှစ် ၊ မနက် ၈ နာရီ '' အဲ့ဒီအချိန်တွေ ကို ဘယ်သူကစတင်သတ်မှတ်လဲ

မသိ။ ဒါပေမဲ့ ကိုယ့်တာဝန်၊ ကိုယ့်နေရာကိုတော့

ကိုယ့်ဘာသာသတ်မှတ်ခဲ့တယ်။ တော်လှန်တဲ့ အဘိဓာန်တွေ ကျွန်တော် ဖတ်ဖူးတယ်။ ဘာသာတရားအဘိဓမ္မာတွေ ကျွန်တော် မှတ်ဖူးတယ် ဘာအတွက်ရယ်လို့တော့ ကျွန်တော် မရည်ရွယ်ပါဘူး။ သိထားရင်ကောင်းမယ် သူများ ထက်ပိုသိရင် ပိုပြီးဂုဏ်ယူမယ်။ ငြင်းခုံပွဲမှာ အနိုင်ယူမယ်။ စကားကြီးစကားကျယ် လူစွာ လုပ်မယ်။

တကယ်ပဲ ကျွန်တော့်အတွေ းဝန်းကျင်လေး ကျဉ်းခဲ့ပါတယ်။

(၉)

၈၊ ၈၊ ၈၈ ဒီမိုကရေစီအရေး တော်ပုံ ဖြစ်ပါတော့။ တစ်နိုင်ငံလုံး မကြုံဖူးအောင် လူထုပေါင်းစုံ ပါဝင်ပါတယ်။

ဆိုရှယ်လစ်ပါတီက ပစ်သတ်နှိမ်နင်းပါတယ်။ သမ္မတသုံးဆက်ပြောင်းပြီ လှည့်စားကြည့်ပါ တယ်။ မရပါဘူး။

မရတဲ့အဆုံး တပ်က 'နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့လို့ နာမည် ပေးပြီး အာဏာသိမ်းပါတယ်။

# ဗဟိုချက်နံပါတ် ၁ ဒသမ ၅
## (၁)

'ကျွန်တော် ပြောနေတာက သဘာဝနိယာမတွေ ပါ။ သဘာဝမကျဘူးလို့ အပြောခံရတဲ့ အရာတွေ ဟာ သဘာဝ ဖြစ်နေကြတယ်။ တကယ်တော့ ကျွန်တော် တို့မမီခဲ့တဲ့ လူ့သမိုင်းများ စွာ မှာ လည်း ဒါတွေ ရှိခဲ့မှာ ပါ။ ကျွန်တော့် ဉာဏ်လောက်နဲ့ ဘာသာဝဆိုတာကို မသတ်မှတ်ချင်ပါဘူး။ အတွေ့ အကြုံတစ်ခုတိုင်းကို သံမှိုတစ်ချက်သဘောထားရင် ကျွန်တော် ယုံကြည်ချက်ကို ခိုင်မာစေခဲ့တယ်။ ကျွန်တော် ထောင်ကလွတ်လာတဲ့အခုချိန်မှာ နသစ်လို မိတ်ဆွေကောင်းကို ကျွန်တော် တွေ့နေရသေး တာ အားရှိတယ်။ လူတွေ ဟာကြောက်နေတာကလွဲလို့ သူတို့ရင်ထဲမှာ ဘာရှိလဲ ကျွန်တော် သိပါတယ်။ အန်တီ့ရဲ့ Freedom From Fear စာစုထဲကလိုပါပဲ။ အဂတိတရားလေးပါးမှာ ဘယာဂတိဟာ အဆိုးဆုံး ပါပဲတဲ့။ ကြောက်တဲ့အတွက် မမှန်တာကိုလုပ်မိတာလို့ဆိုတယ်ပေါ့။

အန်တီ့စကားကိုပဲယူသုံးပါရစေ။ ကျွန်တော်တို့ပြည်သူတွေ ကို အကြောက်တရားနဲ့ အုပ်ချုပ်သူ တွေ ကိုယ်တိုင်ပဲ ကြောက်နေတာပါ။ ဘာမှကြောက်စရာမလိုဘူးလို့ပြောနေတဲ့ ကျွန်တော် တို့လို လူမျိုး တွေ ကို မပါးနပ်ဘူး။ သွေးဆူတဲ့ကောင်လေး ... အရူးလေးပေါ့။ ဒါမှမဟုတ်လည်း တော် ပါတော့ကွာ။ တို့တွေ ဟာ ဖက်ဘဝတွေ ပါ။ ဆူးနဲ့ဘယ်လိုတွေ့တွေ့ ပေါက်ရတာ လဲ။ မင်းပဲခံရမှာ ငါတို့ သနားလို့ပါလို့ တရားချတာတွေ ရှိသေးတယ်။

အရင်တုန်းက ကျွန်တော် တို့သွေးဆူခဲ့ပါတယ်။ အခုသွေးအေးတတ်လာပြီ။ အခု ဖြစ်နေ တဲ့ပတ် ဝန်းကျင်ကို ကျွန်တော် တော် တော် နားလည်တယ်။ ကျွန်တော် တို့ထဲက နားမလည်တဲ့သူတွေ လည်းရှိ တာပေါ့။ လွန်ခဲ့တဲ့ ၅ နှစ် -၊ ၆ နှစ် ၁၉၈၈ တုန်းက တက်ကြွပါတယ်ဆိုတဲ့လူတွေ ဟာ အခုစီးပွား ရေး နောက် ကုန်းရုန်းလောဘတက်နေရကောင်းလား၊ ဒီမိုကရေစီဆိုတာ မေ့နေရကောင်းလား၊ ဘာ လား ညာလား ပေါ့။ အဲဒီ လိုပေါက်ကွဲတော့ မိသားစုကအစ သူတို့သားသမီးထောင်ထွက်ကြီးတော့

ကြောင်သွားပြီလို့ယူဆကြတယ်။ ကိုယ်က သူတို့ကိုနားမလည်။ သူတို့က ကိုယ့်ကိုသဘောမပေါက်နဲ့ ဆက်ဆံရေး တွေ တောင် ပျက်စီးကုန်ကြတာပေ့ါ။ နောက်ဆုံးမိဘတွေ က စိုးရိမ်ကဲလာပြီး တို့သားသမီး တွေ နယ်ပို့ထားတာပဲကောင်းတယ်ဆိုပြီး ရန်ကုန်ကနေ ပထုတ်ပစ်လိုက်ကြတာပေ့ါ။ အဲဒါလည်း ကျွန် တော် တို့အတိုက်အခံတွေ အတွက် အတော် အားယုတ်စေတဲ့အချက်ပဲ။ ဟိုတစ်နေ့ကပဲ အတွင် းရေး မှူး (၁) မိန့်ခွန်းကြားလိုက်ရသေးတယ်။ စီးပွားရေး ၉% တက်တယ်တဲ့။ ဒါ ဟုတ်ချင်လည်းဟုတ်မှာ ပေ့ါ။ ဘယ်လိုတွက်လဲတော့မသိဘူး။ ပြည်သူအများ စုကြီးမှာ တော့ အရင်ထက်ပိုဆိုးသလိုပါပဲ။ ရန်ကုန်မြို့ ကြီး ကတော့ မှတ်မိစရာမရှိအောင်ပြောင်းလဲတိုးတက်သွားပြီလို့ဆိုကြတယ်။ ဒါ ကတော့ ဘယ်အစိုးရ တက်တက် ဈေးကွက်စီးပွားရေး နဲ့ ပုဂ္ဂလိက ဦးစားပေးပုံစံချလိုက်ရင် တိုက်ကြီးတာကြီးတွေ လမ်းကြီး တွေ ဖြစ်လာမှာ ပဲ။

နောက်ပြီး စစ်အစိုးရပြောပြောနေတာရှိသေးတယ်။ တိုင်းရင်းသားလက်နက်ကိုင် ၁၅ ဖွဲ့နဲ့ ငြိမ်း ချမ်းရေး လုပ်နိုင်ပြီတဲ့။ ဒါကောင်းပါတယ်။ အပစ်အခတ်ရပ်စဲရေး ဘဲ ခေါ်ခေါ်ပေ့ါ။ အဲဒီ ကတစ်ဆင့် နိုင်ငံ ရေး ဆွေးနွေးပွဲတွေ လုပ်ပြီး အမျိုး သားပြန်လည်သင့်မြတ်ရေး ကို လုပ်မလုပ်ဆိုတာဟာ အရေး အကြီး ဆုံးပဲ။ ငြိမ်းချမ်းရေး စစ်မှမဟုတ်ရင် ဘာလုပ်မလဲ။ လက်နက်တွေ ကိုင်ထားပြီ အလစ်ချောက်းနေရတာ ပင်ပန်းလှတယ်။ အများ ဆုံးအချက် ကတော့ ၁၉၉၀ ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်မပြုတာပဲ။ ၈၀% ကျော်အနိုင်မဲရထားတဲ့ NLD ကိုလိုချင်တဲ့ပုံသွင်းဖို့ အင်အားတွေ သုံးနေတာ ပိုလို့တောင်မှာ း သေးတယ်။ စစ်နိုင်ငံရေး သဘောပဲ။ ပုံသွင်းလို့မရရင် ချေမှု န်းပစ်တော့မယ်။ အဲဒီ နောက်ဆုံးရည်ရွယ် ချက်ကို အကောင်အထည်ဖော်ဖို့ ကြိုး စားလာပြီဆိုရင် အားလုံးနိဂုံးချုပ်ပြီသာမှတ်တော့။ စစ်တပ်အင် အားတွေ ချဲ့ထားတာ ဘာ ဖြစ်လို့နိဂုံးချုပ်မှာ လဲ မေးနိုင်ပါတယ်။ နုသစ် ကျွန်တော် ယုံကြည်တာကို ပြော ပါမယ်။ ကျွန်တော် တို့မှာ သစ္စာတရားရှိတယ်။ ယုံကြည်မှု ရှိတယ်။ သူတို့ရဲ့ မတရားမှု တွေ ကို ကမ္ဘာပြည် သူတွေ က ဒဏ်ခတ်ကြပါလိမ့်မယ်။ ဘယ်တော့

ဒဏ်ခတ်မှာ လဲ... ကမ္ဘာလဆန်းတစ်ရက်နေ့လား စတဲ့ မေးခွန်းတွေ ကျွန်တော် အမေးခံရဖူးပါတယ်။ သူတို့အမြင်တိုတာပဲလို့ ကျွန်တော် သဘောထားတယ်။ ကျွန်တော် စိတ်မဆိုးဘူး။

(၂)

အတားအဆီးအများ ဆုံး လုံခြုံရေး နယ်မြေကို ပြောပါဆိုရင် 'တက္ကသိုလ်နယ်မြေ' ပဲလို့ပြောရပါ မယ်။ ၁၉၉၁၊ ဒီဇင်ဘာလ၊ ၁၀ ရက်ကျောင်းသာတွေ က အန်တီ့ရဲ့ ငြိမ်းချမ်းရေး နိုဘယ်ဆုကို ထောက်ခံ ဆန္ဒပြကြတယ်။ ဖမ်းပစ်လိုက်တာကုန်ပါရော။ ဆရာမ တွေ တောင်ပါတယ်။ တက္ကသိုလ်ဝင်းကြီးတွေ ကို အကန့်တွေ ဖြတ်၊ ခြံစည်းရိုးတွေ ကာ၊ ကျောင်းသားတွေ ကို အဝင်အထွက်စီစစ်လို့ မဆိုင်သူမဝင်ရဲတဲ့၊ ပ ညာရေး ကလည်းသိပ်မဟုတ်တော့ဘဲ လေးလနဲ့တစ်တန်းပြီး၊ သုံးလနဲ့လည်းတစ်တန်းအောင် ပြဿ နာ မျိုး ဆိက်လို့ယူဆထားတဲ့ ၁၉၉၈ အနွယ်တွေ ကို ကျောင်းထဲကအပြတ် ရှင်းနေတာထင်ပေါ့။

ဘွဲ့ရအလုပ်လက်မဲ့တွေ လည်းပုံအောလို့ ကျွန်တော် တို့ အရွယ်တွေ ၊ ကျွန်တော် တို့ထက်ငယ်သူ တွေ ၊ နိုင်ငံခြားဆိုတာပဲ ပြောနေကြတယ်။ သူတို့တိုင်းပြည်ကို စွန့်ခဲ့ကြပြီလား၊ အေးလေ... ဘာနေရာ မှ အပေးမခံရတဲ့ လက်ဝါးကြီးအုပ် စစ်လူတန်းစားပမာနခေတ်မှာ ရှောင်တိမ်းခြင်းက တိုက်ပွဲတစ်ခု လို ဖြစ်နေတာကိုး၊ မှာ းကုန်ပြီ။ အစစမှာ ကျွန်တော် တို့ထက်ဆိုးတဲ့ ဘဝတွေ ကို ပစ်စလက်ခတ်ထားခဲ့ ကြပြီးလား။

(၃)

ကားနံပါတ်စိမ်းစိမ်းတွေ ့ရင် သတိထားနေရတယ်။ ငြိမ်းချမ်းရေး လုပ်ထားတဲ့အဖွဲ့တွေ တဲ့။ 'ရမ်း ကားလိုက်တာ'၊ 'ရမ်းလိုက်တာ' ။

လူတွေ က ဒါပဲပြောနိုင်ကြတယ်။ ဒီထက်မပိုရဲလို့ပါ။ သူတို့ပြောတဲ့ ငြိမ်းချမ်းရေး အဖွဲ့ (တိုင်းရင်း သားလက်နက်ကိုင်) တွေ ကို စျေးကွက်စီးပွားရေး ထဲမှာ ဝင်ပြီး ကုမ္ပဏီတွေ

ထောင်ခွင့်ပေးတယ်။ နယ် စပ်က သူတို့ထိန်းချုပ်ရာမှာ သစ်တွေ ရောင်းခွင့်ပေးတယ်။ နှစ်ဖက်ပူးပေါင်းပြီး ဒေသဖွံ့ဖြိုး ရေး တွေ လုပ် မယ်လို့ ကြွေးကြော်ကြတယ်။ အဆိုးဆုံး ကတော့ လက်နက်တွေ ကိုင်ပြီး မြို့ တွေ ထဲမှာ ဝင်ကြမ်းတဲ့ကိစ္စ ပါ။ နိုင်ငံရေး ဆန်တဲ့ တိုင်းရင်းသားတွေ မဟုတ်လောက်ဘူးထင်ရဲ့ ၊ အီးယောင်ဝါး ခွစားတွေ သာ ဖြစ်ဖို့ များ တယ်။

ပြောင်လက်နေတဲ့ စားပွဲ၊ ကုလားထိုင်တွေ စီရီသပ်ရပ်လို့ ကျယ်လိုက်တဲ့ ရုံးခန်းကြီး၊ လေအေး စက်သံကြားလောက်အောင် တိတ်ဆိတ်လှတယ်။ ၁၉၉၄ ခုနှစ် နွေက အတော် ပူတယ်ထင်ပါရဲ့ ၊ လေ အေးစက်နဲ့ လုံလောက်ပုံမရလို့ ငယ်သွေးကြွလုံးထည်ထည်ကောင်မလေးကို ယပ်ခပ်ခိုင်းထားတယ်။

အညာသားဟောင်း တစ်ယောက် ပုံပါပဲ၊ အခုတော့ ဘီလျံနာသူဌေးကြီးမြို့ တော် ရန်ကုန်ရဲ့ ဂုဏ် ဆောင် 'ဦးထွန်းကြာ' ပေါ့။ ဖြည်းဖြည်းလေးယပ်ခပ်တဲ့ လက်သွယ်သွယ်သူ့ဘက်ကို ပြန်ရွှေ့အလာမှာ ခပ်သာသာလေး ဖမ်းကိုင်လိုက်တယ်။

'တော် ပြီကွယ် ညီမလေး... အစ်ကိုကြီးဗိုက်ဆာတယ်... မင်းကြောင့် ပေါ့ကွာ' တဲ့။

လုံးထည်ထည်ကောင်မလေးက ညုတုတုမျက်စောင်းပစ်လို့ ကိုယ်ခန္ဓာကို တစ်ချက်ဆောင့်ခါ လိုက်တယ်။

'ရပါတယ်... ရပါတယ်... သမီးက နောက်ဆုံးအတွင်းရေး မှူး လေးပါ အစ်ကိုကြီးက သမီးဆိုရင် နောက်ဆုံးမှာ ပဲထားတယ်။ နောက်ဆုံးမှပဲ....ဟင်း'။

ကောင်မလေးအသံ နည်းနည်း ကျယ်လာတယ်။

'ကဲပါကွယ်..ဆလွန်းတစ်စီးလား... ဖြစ်စေရမယ်... တိုးတိုးပြော မိချောရယ်... ဓာတ်ပေါက်ကုန် မှာ စိုးလို့...ဗိုက်ဆာတယ် သွားပြင်တော့နော်'

လုပ်ငန်းတွေ များ တဲ့ ကုမ္ပဏီသူဌေး တစ်ယောက် ကွယ်ရာက ကလေးကလား ကိစ္စဆိုရင် မှာ းနိုင် တယ်။ လူကြီးကိစ္စရော ဟုတ်ပါသလား။ ဦးထွန်းကြာလိုလူကြီး

တစ်ယောက် ရဲ့ ကိစ္စပါ။ ပြုံး ပြုံး လေးမြူး ကြွသွားတဲ့ကောင်မလေး ရေချိုး ခန်းဘက်ပြေးဝင်သွားတယ်။ ဘီးတွေ ၊ မှန်တွေ ၊ နံ့သာခဲ့တွေ ၊ ရေပန်း တွေ အပြင် ဆိုဖာခုံရှည်တစ်လုံးက ရေချိုး ခန်းမှာ ထူးခြားတယ်။ ခဏကြာတော့ ရေချိုး ခန်းထောင့်က အ ဝတ်တန်းစင်လေးပေါ်မှာ ကောင်မချောလေးနဲ့ ဦးထွန်းကြာရဲ့ အဝတ်အစားတွေ ရောနှောမိန်းမောနေ ကြတယ်။ ရေစက်ကျသံလိုလို လေအေးစက်ရယ် သံလိုလိုနဲ့ 'ဗိုက်ဆာတယ်' ဆိုတဲ့စကားကို သူတို့နှစ် ယောက် အဖြေထုတ်နေကြတယ်။

(၅)

နိုင်ငံခြားသတင်းစာတစ်စောင်နဲ့ အမေးအဖြေတစ်ခုပါ။

သတင်းထောက်။ ။အခု မစ္စတာထွန်းကြာ လုပ်နေတဲ့ Pop အချိုရည် လုပ်ငန်းအခြေအနေ ၏ ဘယ်လို ရှိပါသလဲ

ဦးထွန်းကြာ။ ။အခုတစ်ရက်ကို ပုလင်းငါးသိန်းလောက် ထုတ်နိုင်ပါပြီ။ ခင်ဗျားတွေ့တဲ့အတိုင်း ပဲလေ။ စက်ရုံကိုပိုပြီး ခေတ်မီအောင်လုပ်နေတယ်။ ပြီးသွားရင် မန္တလေးဈေး ကွက် ကိုချဲ့မယ်။ တစ်ရက်ကို ပုလင်းတစ်သန်းလောက် ထုတ်နိုင်မယ်လို့ထင် တယ်။

သတင်းထောက်။ ။ မြန်မာတွေ က Pop အချိုရည်နဲ့ အတော် ရင်းနှီးနေကြပြီ ဆိုတဲ့သဘောလား။

ဦးထွန်းကြာ။ ။ ဟုတ်ပါတယ်။ အထူးသဖြင့် ရန်ကုန်ပေါ့လေ။ ကျွန်တော် တို့လူမျိုး က အချိုရည် ကြိုက်တတ်ပါတယ်။

သတင်းထောက်။ ။ အခုစစ်အစိုးရကလုပ်နေတဲ့ ဈေးကွက်စီးပွားရေး စနစ် အောင်မြင်နေတယ်လို့ထင်ပါသလား။

ဦးထွန်းကြာ။ ။ ထင်ပါတယ်။ ဒီနှစ် မှာ ဈေးကွက်က ဇရာခိုင်နှုန်းတတ်တယ်လေ။ ဒါဈေးကွက်စီးပွားရေး ရဲ့ဖွံ့ဖြိုး မှု အရှိန်အဟုန်ပေါ့။ နောက်နှစ် တွေ ဆို

ပိုပြီးတက်နိုင်ပါသေးတယ်။

သတင်းထောက်။ ။ ကုန်ဈေးနှုန်းတွေ တက်ပြီး ငွေတွေ ဖောင်းပွလာတာကရော ခင်ဗျားဘယ်လိုပြောမလဲ။

ဦးထွန်းကြာ။ ။ ဒါ ကတော့ စီးပွားရေး ဖွံ့ဖြိုး လာတဲ့နိုင်ငံတိုင်းမှာ တွေ့ရတတ်ပါတယ်။

သတင်းထောက်။ ။ ဒီမှာ ကျွန်တော် တွေ့ရတာ တော့ ချမ်းသာပြီးသားသူက အရမ်းတွေ ချမ်းသာလာပြီး ဆင်းရဲတဲ့လူတွေ ကျတော့ ပိုလို့ဆင်းရဲကုန်တယ်လေ။

ဦးထွန်းကြာ။ ။ အဲ့ဒီလိုတော့မဟုတ်ပါဘူး။ ကျွန်တော် တို့ကုန်သည်ကြီးများ၊ လုပ်ငန်းရှင်များ ရော၊ ဝန်ကြီးဌာနတချို့ရော ဖောင်ဒေးရှင်းတွေ ထောင်ပြီး ဆင်းရဲဒုက္ခရောက်နေသူတွေ ကို ကူညီဖို့ ပြင်ဆင်နေပါတယ်။

သတင်းထောက်။ ။ နိုင်ငံရေး အခြေအနေရော ဘယ်လိုမြင်ပါသလဲဗျာ။

ဦးထွန်းကြာ။ ။ ကျွန်တော် တစ်ဦးတည်းအမြင်အရ ပြောရရင် နိုင်ငံရေး အခြေအနေကောင်းပါတယ်။ အခုအမျိုး သားညီလာခံ ကျင်းပနေတယ်လေ။

(၆)

ဝေထွန်းတို့လိုရွာသားတွေ ကတော့ ပထမပိုင်းမှာ ဟုတ်နိုးနိုး ထင်ခဲ့ပါတယ်။ ညို ခင့်အဖေကြီးက ‘ခမောက်အဖွဲ့ဝင်’တဲ့။ ရွာလူကြီးကလည်း အမျိုး တွေ ဆိုတော့ ညို ခင့်အဖေကြီးကို သတိပေးတတ် တယ်။ သူကသိပ်တက်ကြွတယ်။ ရွာထဲကိုစစ်တပ်ဝင်လာရင် သူ့ကိုမနည်းထိန်းရတယ်။ စကားမှာ းမှာ စိုးလို့ပါ။ ဟုတ်တော့လည်းဟုတ်ပါတယ်။

လာပြန်ပြီ လုပ်အားပေးလာဖို့။ စပါးတာဝန်မကျေလို့ဆိုပြီး နေလှန်းတာကတစ်မျိုး ၊ ရိုက်တာက တစ်မျိုး ၊ မယုံသကာနဲ့ စပါးကျီတွေ ဝင်ပြီး မြေလှန်သွားတာတစ်မျိုး ၁၉၈၈ခုနှစ် ကဆို ဝေထွန်းတို့၊ ညိုခင်တို့က ၁၃နှစ် အရွယ်တွေ ပါ။ လူကြီးတွေ ပြောတာနဲ့ပေါင်းပြီး မြို့ ကအကြောင်းသိသင့်သလောက် သိပါတယ်။

သချာကိုယ်တွေ့သိရတာ ကတော့ ၁၉၉၁ခုနှစ် ကုန်ပိုင်းမှာ ပေါ့။ မြစ်ဝကျွန်းပေါ်တစ်ခုလုံးနီးပါး ပေါ့။ လေယာဉ်တွေ ကလည်း တဝီဝီနဲ့။ ကျောင်းသားနဲ့ကရင်တပ်တွေ ဝင်လာလို့ဆိုလားပဲ။ ဝေထွန်းတို့ လို ကလေးတွေ ကိုတောင် ရွာပတ်လည်ကင်းချထားတယ်။ ဝေထွန်းရော၊ ညို့ခင်ရော တစ်သက်မမေ့ တဲ့ပွဲတစ်ပွဲရှိတယ်။ သေမှာ ကိုမသိပေမယ့် ရင်တထိတ်ထိတ်နဲ့ပေါ့။ နောက်တော့ အဲဒီ နေရာမှာ ဘာမှမရှိပါဘူး။ တစ်ရွာလုံး အခုထိအသက်ရှင်နေသေးတာပဲ ကျေးဇူးတင်ရမယ်။ ဝေထွန်းတို့ရွာဘက် မှာတော့ တိုက်ပွဲတွေ သိပ်မရှိခဲ့ပါဘူး။ အဖျားအနားခက်ရုံ ဆိုပေမယ့်လည်း တော်တော်လေးတော့ ခံလိုက်ရပေတယ်။ တကယ့်နေရာတွေ ဆို ပြောဖွယ်ရာမရှိတော့ဘူး။

တာလမ်းဖို့တာတော့ ပြီး သွားပါပြီ။ ကိုယ့်အလုပ်ကိုယ်မလုပ်ရတော့ စပါးတွေ မဖြစ်ဘူး။ ဒီနှစ် တာဝန်ကျေ ဘယ်လိုချရမလဲ လူကြီးတွေ စဉ်းစားနေကြတယ်။ လူငယ်တွေကတော့ ရွာထဲကိုပေါ်လာ တာဆွဲရင် မမိအောင်ပြေးပြေးနေရတယ်။ ညဘက်များ ဆို သတိထားဖို့ ရွာလူကြီးကပြောထားတယ်။

ပထမပိုင်းမှာ ဟုတ်နီးနီးထင်ခဲ့ပုံကိုပြောရဦးမယ်။ ရွှေးကောက်ပွဲလုပ်တုန်းက တစ်ရွာလုံး ခမောက်ပဲ။ လယ်သမားတွေ ကတော့ စိတ်ချမ်းသာပြီမှတ်လိုက်တာ လွဲပြန်ပါရောလား။ အာဏာမလွဲ ဘူးတဲ့။ ဒါတင်မကဘူး ရွာထဲမှာ ရေဒီယိုနားမထောင်ရ၊ ဘာမပြောရနဲ့ အမျိုး မျိုး လာကြပ်နေတယ်။ ညို့ခင့်အဖေကြီးပြောစကားနဲ့ပဲ ရွာသားတွေ စိတ်ဖြေရတယ်။

'ဟေ့ .... တို့ကအိမ်ရှင်၊ သူတို့ကအိမ်ငှား အချိန်တန်ရင် ဆင်းပေးရမှာ ပေါ့'တဲ့။

စပါးတွေ ဈေးကောင်းရတော့ ဟုတ်နီးနီးထင်ခဲ့ရတာ ရှိသေးတယ်။ လယ်သမားတွေ ထဲမှာ တောင် အနိုပ်စက်ခံရတာ မေ့ပြီး ကျေးဇူးတွေ တင်နေလိုက်ကြတာ ညို့ခင့်အဖေကြီးက

'ဟေ့ ... ကိုယ့်လုပ်အားနဲ့ထွက်တဲ့စပါး ကိုယ်ရောင်းတာကွ၊ ဘယ်သူ့ကျေးဇူးတင်ရမှာ တုန်း"

လို့ ပြောတော့ ဆိုင်ရာသွားပြီ ချွန်တွန်းလုပ်တဲ့လယ်သမားတွေ တောင်ပေါ်လာတယ်။ ညို့ ခင် အဖေကြီးလည်းခေါ်သတိပေးခံရသေးတယ်။ မကြာပါဘူး။ သွက်တွေ တဝင်းဝင်း၊ TV တိုင်တွေ တ ထောင်ထောင်နဲ့လယ်သမားတွေ ကျောသပ်ရိုက်ခံရတော့တာပဲ။ ဘာစပါး၊ ညာစပါး၊ အပိုဆောင်းစပါး၊ စေတနာစပါး၊ အို... စပါးတွေ တောင်လိုပုံပြီ သူများ ကိုပေးလိုက် ရတာ ဝမ်းစာပါမကျန်လို့ ကျွဲရောင်း ၊ နွားရောင်း မရောင်းသင့်တာတွေ တောင် ရောင်းခဲ့ကြရပြီ။

ဘယ်လိုပဲ ဖြစ် ဖြစ် အစိုးရက တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ နွေစပါးစိုက်ရေး စီမံကိန်းကြီးစတင် နေပါပြီ။

(၇)

ယုသီတာအိမ်ကို ကျွန်တော် ရောက်တော့ မနက် ၁၀ နာရီ။ တက္ကသိုလ်ဆရာမ လေးပါ။ ၁၉၈၈ လှုပ်ရှားမှု တွေ မှာ ရန်ကုန်တက္ကသိုလ်ကျောင်းသူ တစ်ယောက် ၊ ပြီးတော ကျွန်တော် တို့ရဲ့ ရန်ကုန် တက္က သိုလ်ကျောင်းသားများ သမဂ္ဂအဖွဲ့ဝင် ဖြစ်တယ်။ ထိပ်တန်းကျောင်းသူတွေ ထဲ ကတော့ မဟုတ်ပါဘူး။ ဒါ ပေမယ့် အလွန်သိုသိပ်တဲ့ကဏ္ဍတွေ ကပါနေတယ်။ အဆက်အသွယ်ကောင်းတဲ့ ဆွေးကြီးမျိုး ကြီး အ သိုင်းအဝိုင်းကပါ။ ယုသီတာရဲ့ အဖေအမေက ကုန်သည်ကြီးများ အသင်းဝင်တွေ ပေါ့။ ဒီမိုကရေစီကို အ ရမ်းထောက်ခံတယ်။ အိန္ဒြေမပျက်ထောက်ခံတယ်။ နသစ် အံ့သြသွားမယ်ထင်ပါရဲ့ ။ ဘယ်လိုကြီးလဲ ဟု ထင်စရာပါပဲ၊ ကျွန်တော် တို့ဘက်ကို သူတို့တတ်နိုင်တဲ့ပုံစံနဲ့ ပါဝင်နေကြတာပါ။

ကျွန်တော် နဲ့ယုသီတာ ဖေဖေတို့လျှို့ ဝှက်တွေ ့ကြတယ်။

“ အန်ကယ် ကတော့ နိုင်ငံရေး သိပ်မသိဘူးကွာ၊ သမီးကတောင်ပိုသိပါတယ်။ ဒါပေမယ့် အန် ကယ်စီးပွားရေး ကိုကောင်းကောင်းသိတယ်။ ကင်းကင်းနေဖို့ အန်ကယ်စဉ်းစားကြည့်တယ်။ ဘယ်လိုမှ မ ဖြစ်နိုင်ဘူး။ အန်ကယ်တို့ အရင်းအနှီးတွေ နိုင်ငံခြာထုတ်သွားဖို့လည် မ ဖြစ်နိုင်ဘူး။ ဒီတော့ စီးပွားရေး သမားတွေ ရဲ့ စိတ်ရှည်မှု ကို

အသုံးပြုရတော့တယ်။ အန်ကယ်ဆုံးဖြတ်လိုက်တယ်။ စီးပွားကို ဒီမှာ ပဲ ဒီ ထက်ကောင်းအောင်လုပ်မယ်။ အဲဒီ စီးပွားတွေ ဟာ သူတို့အတွက်မ ဖြစ်ရလေအောင် ကြိုးစားမယ်။ မင်း တို့အတွက်များများ ဖြစ်အောင်လုပ်ရမယ်။ ဒါဟာ တိုက်ပွဲတစ်ခုလို့ အန်ကယ်ယုံနေတယ်။ နိုင်ငံရေး ဆို တာလည်း စီးပွားရေး ကောင်းမှ လုပ်နိုင်မှာ ပါ။ တစ်ခုတော့ အန်ကယ်ကိုကတိပေးပါ။ မင်းတို့နဲ့ အန်ကယ် ပတ်သက်မှု ရှိတယ်ဆိုတာကို သူတို့လုံးဝမသိပါစေနဲ့၊ ရေရှည်တိုက်ပွဲတစ်ခုလို့ အန်ကယ် မြင်နေတယ်။ အန်ကယ်ထောက်ပံ့မှု ကလည်း အဖွဲ့အစည်းကို နာမည် တပ်တာထက် မင်းကိုပဲတူတစ်ယောက် လို မုန့်ဖိုးပေးတယ်သတ်မှတ်ပါ။ ကျန်တဲ့အပိုင်းက မင်းကြိုက်သလိုသုံးပေါ့။ အဲဒီ လိုနားလည်မှု ထားရင် ဘာ ဖြစ် ဖြစ်ရှင်းရလွယ်တယ်လေ။

ကျွန်တော် အပြုံး နဲ့သာ ခေါင်းညိတ်မိတယ်။ ယုသီတာဖေဖေ ဦးသော င်းထက် ဖြစ်ပါတယ်။ ထောက်စေ့အောင်ထက်လုပါတယ်။ ကျွန်တော် တုံ့ပြန်မှု ကလည်း ချို သာပါတယ်။

“ ကျေးဇူးတင်ပါတယ် အန်ကယ်။ ကျွန်တော် လည်း ဒီလိုပဲ စဉ်းစားတယ်။ ကျွန်တော့်မှ တရား ဝင်ရပ်တည်နိုင်တဲ့ပါတီက အဖျက်ခံလိုက်ရတော့ ဘယ်လိုပုံစံသွားရမယ်ဆိုတာ သေချာချိန်ဆနေရ တယ်။ NLD ကိုယ်တိုင် အမျိုးသားညီလာခံတက်နေရတဲ့ အခုလိုအချိန်မျိုး မှာ တခြားနည်းလမ်းလှုပ်ရှား မှု မှန်သမျှခပ်ကြမ်းကြမ်းအရေး ယူမှာ အသေအချာပါပဲ။ ကျွန်တော် တို့လည်းပိုပြီး ကျစ်လစ်သိပ်သည်း ရမယ်ဆိုတာ သဘောပေါက်ထားပါတယ်။ အန်ကယ်ရဲ့ လက်ရှိစီးပွားရေး အပေါ် အမြင်လေးသိရမလား ခင်ဗျ”

“ အေးကွာ... အန်ကယ်အဲဒီ လိုဆွေးနွေးချင်တာ အတော် ကြာပြီ၊ ပိုက်ဆံတော့ အတော် ရပါရဲ့ ၊ အောင့်ထားရတာ တော့ မချိမဆံ့ပါပဲ၊ ပါးစပ်ကို ယားနေတာ။ သမီးရေ ဖေဖေတို့အတွက် Juice လေး ထပ်စီစဉ်ပါဦးကွယ်”

“ ဟင်း...ဖေဖေတော့ ဆီဖြည့်တော့မယ် ကိုကျော်ရေ၊ သီတာ့ ဖေဖေကို သဘောပေါက်သွားပြီ လား”

ယုသီတာ ထိုင်ရာကထအထွက်မှာ လည်ပြန်လှည့်ရှင်းပြောသွားတယ်။

“ စျေးကွက်စီးပွားရေး အတွေ ့အကြုံသစ်တွေ အန်ကယ်တို့အများ ကြီးတွေ ့နေရတယ်ကွ၊ ဒါ တောင် တကယ့်တံခါးဖွင့် ဝါဒကို မကျင့်သုံးသေးဘူး။ အမေရိကန်၊ ဗြိတိန်၊ ကနေဒါတို့လို့ အနောက် နိုင်ငံကုမ္ပဏီကြီးတွေ က ရေနံနဲ့သဘာဝဓာတ်ငွေ ့ကို ပိုစိတ်ဝင်စားတယ်။ အခုသူတို့မုတ္တမကွေ့မှာ သ ဘာဝဓာတ်ငွေ ့သိုက်တစ်ခုတွေ ့နေပြီ။ ထိုင်းက ဝယ်မယ်ဆိုတော့ ဓာတ်ငွေ ့ပိုက်လိုင်းသွယ်ဖို့ရှိနေ တယ်။ အဲ...အဲဒါကြောင့် ပဲ ဖြစ်မယ်။ ဟိုနေ့က အစည်းအဝေးမှာ စီမံကိန်းနဲ့ စီးပွားရေး ဝန်ကြီးက ပြော သွားတယ်။ မွန်နဲ့ကရင်လက်နက်ကိုင်တွေ ကို ရှင်းပစ်ရမယ်တဲ့။ ခေါင်းမာလို့ဆိုလားပဲ”

ဦးသော င်းထက်က ကျွန်တော့် ကိုတစ်ချက်စိုက်ကြည့်ပြီး မေးဆတ်ပြတယ်။

“ ဟုတ်ပါလိမ့်မယ် အန်ကယ်။ မွန်နဲ့ကရင်က တခြားတိုင်းရင်းသားတွေ နဲ့ မတူသလို ဖြစ်နေ တယ်။ အပစ်အခတ်ရပ်စဲရေး ကို အောက်ဈေးနဲ့ မလုပ်ဘူးဆိုတဲ့သဘောပဲ၊ နိုင်ငံရေး ကိစ္စမပါတဲ့ ငြိမ်း ချမ်းရေး ကို အဓိပ္ပာယ်မရှိဘူးလို့ သတ်မှတ်ထားတယ်။ အဲဒီ ဓာတ်ငွေ ့ပိုက်လိုင်းက မွန်၊ ကရင်ဒေသကို ဖြတ်သွားမယ်လို့ အန်ကယ်ပြောသွားမှ ကျွန်တော် လည်း သတိထားမိတယ်။ လောလောဆယ် ကရင် တိုင်းရင်းသားလက်နက်ကိုင် (KNU) ဟာ အင်အားတောင့်တင်းဆုံးနဲ့ ဝါအရင့် ဆုံးအဖွဲ့ ဆိုတော့ သူ ့ကို မရှင်းနိုင်သေးဘူး။ မလွယ်ဘူးပေါ့။ မွန်ပြည်သစ်ပါတီ ကတော့ ဒီလောက်အင်အားမကောင်းဘူး၊ အခု ထိုင်းနဲ့ပေါင်းပြီးမွန်ကို အကြီးအကျယ် ဖိအားပေးနေတယ်။

“ အေး...နေစမ်းပါဦးကွာ၊ ငါမရှင်းတာက မွန်ကိုဝင်တိုက်နေရင် ကရင်က မကူလားကွာ”

ကျွန်တော် တို့စကားဝိုင်း ခဏရပ်သွားတယ်။ ယုသီတာက အအေးခွက်နေရာချရင်း အလုပ်ရှုပ် သွားလို့ပါ။ ယုသီတာနေရာယူပြီး အအေးခွက်ကိုယ်စီနဲ့ ကျွန်တော် စကားကိုဆက်လိုက်သည်။

“ ကျွန်တော် တို့လည်း အဲဒါကိုကြိုး စားနားလည်နေရတယ်။ ၈၈ ခုနှစ်

အကုန်ပိုင်းမှာ DAB လို့ ခေါ်တဲ့ တိုင်းရင်းသားတွေ ကရော၊ ကျောင်းသားတွေ ရောပါဝင်တဲ့ မဟာမိတ်တပ်ပေါင်းစုကြီးဖွဲ့နိုင် ခဲ့တယ်။ ကျောင်းသား တပ်မတော် ABSDF ကလည်း ပါကူညီချင်တာပေါ့။ Democratic Alliance (Burma) လို့ အရှည်ခေါ်တယ်။ မြန်မာလို ကတော့ ဒီမိုကရေစီ မဟာမိတ်အဖွဲ့ပေါ့။ ၁၉၉၀ ရွေး ကောက်ပွဲကို အာဏာမလွှဲပဲ NLD ကိုချေမှု န်းတော့ လွှတ်တော် အမတ်တချို့ ကရင်ဒေသကို ရောက် သွားပြီး ခုနက DAB နဲ့ ပေါင်းမိပြီး အမျိုး သားညွန့်ပေါင်းအစိုးရဆိုတာ ဖြစ်လာတယ်။ DAB ကအဲဒီ အစိုး ရရဲ့ လက်နက်ကိုင်တပ်ဖွဲ့ ဖြစ်လာတယ်။ ကျွန်တော် တို့တိုင်းရင်းသားအားလုံး လက်ခံနိုင်မယ်လို့ယူဆ တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို သဘောတူခဲ့ကြတယ်။

သိရသလောက်တော့ ၁၉၄၇ ကိုပြုပြင်ပြီး လွှတ်တော် နှစ် ရက်ဝန်ကြီးချုပ်စနစ်၊ ဖတ်ဒရယ် ပြည် ထောင်စုပုံစံခေါ်တယ်။ ၁၉၉၂ ခုနှစ် ဧပြီလမှာ စစ်အစိုးရက ခေါင်းဆောင်အပြောင်းအလဲလုပ်ပြီး ပြည် တွင်းမှာ အမျိုး သားညီလာခံလုပ်ပေးမယ်။ နိုင်ငံရေး အကျဉ်းသားတွေ စီစစ်လွှတ်ပေးမယ်။ တစ်ဖက် သတ်အပစ်အခတ်ရပ်စဲပြီးတိုင်းရင်းသားတွေ နဲ့ငြိမ်းချမ်းရေး လုပ်မယ်လို့လည်း ကစားလိုက်ရာ DAB ပြိုကွဲသွားတော့တာပဲ၊ အဲ...ချုပ်ကိုင်ရင် အန်ကယ်ရယ် ပူးတွဲ စစ်ဆင်ရေး သဘောတူညီချက်အထိမရဘဲ ပြိုကွဲသွားတယ်ပေါ့”

“ ဟုတ်ပြီ... အန်ကယ်ဆက်စပ်မိပြီ၊ ကဲ... ထားလိုက်ဦး၊ စီးပွားရေး အကြောင်း ဆက်ပြောဦးမယ်။ ခုနက ဓာတ်ငွေ့ပိုက်လိုင်းကို အနောက်နိုင်ငံတွေ က စိတ်ဝင်စားတယ်။ ကျန်တာ ကတော့ စီးကရက်၊ အရက်နဲ့ ဖျော်ရည်ရောင် းတာပါကွာ၊ စက်ရုံကြီးတွေ ထုနဲ့ထည်နဲ့တည်ဖို့ ကတော့ နည်းနည်း လန့် တယ်။ တရုတ်နိုင်ငံဆိုရင် ငွေပင်ငွေရင်းကြီးမြှု ပ်နှံဖို့စိတ်ကူးရှိပုံမရဘူး။ နယ်စပ်ကုန်သွယ်ရေး ကို အဓိ ကအားထားတာတွေ ့ရတယ်။ အဲ... ပြီးခဲ့တဲ့အပတ်ထဲမှာ တော့ ကုန်သွယ်ရေး ဝန်ကြီးနဲ့ တွေ ့လို့ အာဆီ ယံဝင်ခွင့်ရရေး အခြေအနေမေးကြည့်မိသေးတယ်။ အခုတော့ လေ့လာသူအ ဖြစ်တက်နေပါပြီတဲ့။ နောက်တစ်နှစ် အဖွဲ့ဝင် ဖြစ်မှာ ပါတဲ့။ အဲဒီ ကျရင်တော့ တိုင်းပြည်စီးပွားရေး ပိုကောင်းပါပြီလို့ ပြော တယ်။”

“ အာဆီယံဝင်တာနဲ့ တကယ်ပဲစီးပွားရေး တက်နိုင်ပါ့မလား၊ အန်ကယ်”

“ အေး...ငါ့စကားဆိုရင် မှန်ချင်မှမှန်မယ်။ စင်ကာပူရောက်နေတဲ့ ပါမောက္ခ ဦးခင်မောင်ကြည် ရဲ့ စကားကိုပဲ ပြောမယ်။ ကိုယ့်မှာ ဘာနည်းပညာမှ မရှိဘဲနဲ့ ဘယ်အဖွဲ့ထဲဝင်ဝင် မထူးပါဘူး။ အဓိက ပြဿနာ ဖြစ်တဲ့ မြန်မာငွေလဲလှယ်နှုန်းဟာ တရားဝင်ဈေးမှာ တစ်ဒေါ်လာ ၆ ကျပ်ခွဲပဲရှိတယ်။ မှော င်ခို ဈေးနဲ့ အဆများ စွာ ကွာတယ်။ ဒါကိုပြင်ဖို့ဆိုတာ ဒေါ်လာသန်းထောင့်ငါးရာ အနည်းဆုံးကုန်မယ်။ ပြည် သူလူထုက နားလည်မှု မပေးရင် ပြဿနာအစုံလိုက်တက်မယ်”

ဦးသော င်းထက်လက်ကျန်ဖျော်ရည်တွေ ကို အပြတ်မော့သောက်ပစ်တယ်။ ယုဒသီတာက ကျွန် တော် တို့ကိုသဘောကျသလို ရယ်နေတယ်လက်ကျန်အပိုင်းကိုတော့ ကာလပေါ်ဟာသတစ်ချို့တွေ နောက်ပြောင်ပြောကြရင်း စကားဝိုင်းကို အဆုံးသတ်ခဲ့ကြတယ်။